## Notice of expulsion - unsatisfactory participation in learning for students aged 17 years and over

Using the telephone interpreter service to contact the school

# အသက် ၁၇ နှစ်နှင့် အထက် ကျောင်းသားများ ကောင်းစွာပညာသင်ယူမှု မရှိခြင်းကြောင့် ကျောင်းမှ ထုတ်ပယ်ခြင်းဆိုင်ရာ အသိပေး အကြောင်းကြားချက်

## ကျောင်းသို့ ဆက်သွယ်ရန် တယ်လီဖုန်းစကားပြန်ဝန်ဆောင်မှုကို အသုံးပြုခြင်း

ကျောင်းသားအမည်
Name of student

လေးစားအပ်သည့် မိဘ/အုပ်ထိန်းသူများ

ပူးတွဲဖော်ပြပါစာတွင် NSW ပြည်နယ် ပညာရေးဌာန၏ ကျောင်းသားများလိုက်နာရမည့် အမူအကျင့်ဆိုင်ရာ မူဝါဒနှင့် ကျောင်းတက်ခွင့် ဆိုင်းငံ့ခြင်းနှင့် ကျောင်းထုတ်ခြင်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျွန်ုပ်က သင့်ကလေးအတွက် ထုတ်ပြန်ထားသည့် အသက် ၁၇ နှစ်နှင့် အထက် ကျောင်းသားများ ကောင်းစွာပညာသင်ယူမှုမရှိခြင်းကြောင့် ကျောင်းမှ ထုတ်ပယ်ခြင်းဆိုင်ရာ အသိပေး အကြောင်းကြားချက်နှင့်ပတ်သက်၍ အသေးစိတ် ဖော်ပြထားပါသည်။

ကျောင်းအုပ်ကြီး၏ ခွင့်ပြုချက်မရဘဲ သင့်ကလေးသည် ကျောင်းပြန်တက်ခွင့် ရှိမည်မဟုတ်ပါ။ သင့်ကလေးအား ပညာ ဆက်လက်သင်ယူစေလိုပါက အခြားသင့်တော်သည့် ကျောင်း သို့မဟုတ် နေရာကို ရှာဖွေရန် သင့်တွင် တာဝန်ရှိသည်။ သင့်အနေဖြင့် ရွေးချယ်စရာများနှင့် ပတ်သက်၍ အကြံဉာဏ် ရယူလိုပါက ကျောင်းသို့ ဆက်သွယ်နိုင်ပါသည်။

သင့်ကလေး ကျောင်းထုတ်ခြင်းခံရပါက သင် သိရှိထားရမည့် သတင်းအချက်အလက်များကိုလည်း ပူးတွဲဖော်ပြထားပါသည်။

ပူးတွဲဖော်ပြပါ စာကို နားလည်ရန် အခက်အခဲရှိပါက ကျွန်ုပ်တို့က ရှင်းပြနိုင်ရန် ကျောင်းသို့ ဆက်သွယ်ပါ။ ကျောင်းသို့ ဆက်သွယ်ရာတွင် စကားပြန် လိုအပ်ပါက 131 450 သို့ ဖုန်းခေါ်ဆိုပြီး သင့်ဘာသာစကားပြောသော စကားပြန်တစ်ယောက် တောင်းခံပါ။ ဖုန်းလက်ခံဖြေဆိုသူအား သင်ခေါ်ဆိုလိုသည့် ဖုန်းနံပါတ်ကို ပြောပြပါ။ ၎င်းက သင်စကားပြောဆိုရာတွင် ကူညီရန် ဖုန်းလိုင်းပေါ်တွင် စကားပြန်တစ်ဦး ထားပေးမည် ဖြစ်သည်။ ဤဝန်ဆောင်မှုအတွက် အခကြေးငွေ ကောက်ခံမည် မဟုတ်ပါ။

ကျောင်းအုပ်ကြီးအမည်
Name of Principal

ကျောင်းအုပ်ကြီး၏ ဖုန်းနံပါတ်
Principal’s phone number